## (၂၀-၁၁-၂၀၂၀) မှ (၂၆-၁၁-၂၀၂၀ ) ထိ စက်သုံးဆီ ( ဓာတ်ဆီ၊ ဒီဇယ်ဆီ ) ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် **ဓာတ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၅ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် နိုင်ဂျီးရီးယားနိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းထက် ၆ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ထိုင်ဝမ်၊ ဘယ်လ်ဂျီယမ်၊ ဘရာဇီးလ်၊ ဒိန်းမတ်၊ အီကွေဒေါ၊ ဂါနာ၊ ဟေတီ၊ အစ္စရေး၊ ဂျော်ဒန်၊ မိုနာကို၊ အိုမန်၊ တောင်အာဖရိကနှင့် တူရကီ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၃ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ တောင်ကိုရီးယား, ဂျပန်၊ ပါကစ္စတန်၊ ကနေဒါ၊ အိုင်ယာလန်၊ ယူကေ၊ အမေရိကန်၊ ချီလီ၊ နော်ဝေ၊ ဂျာမဏီနှင့် ဆူဒန် စသည့် နိုင်ငံပေါင်း (၂၃) နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၁ ဒသမ ၇၀ ရာခိုင်နှုန်း ထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၄ ဒသမ ၄၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် မလေးရှား နိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း ဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်း ဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ် နေကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဒီဇယ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့်

နိုင်ငံပေါင်း ၄၇ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းထက် ၅ ဒသမ ၁၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ဗီယက်နမ်၊ ဘယ်လ်ဂျီယမ်၊ ဘရာဇီးလ်၊ အီကွေဒေါ၊ ဂါနာ၊ ဟေတီ၊ အစ္စရေး၊ ဂျော်ဒန်၊ မိုနာကို၊ အိုမန်နှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၂ နိုင်ငံတို့တွင် ယခင်အပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် တောင်ကိုရီးယား၊ ပါကစ္စတန်၊ အိုင်ယာလန်၊ တူရကီ၊ နိုင်ဂျီးရီးယား၊ ဂျာမဏီ၊ နယူးဇီလန်နှင့် ဆူဒန် စသည့်နိုင်ငံပေါင်း ၁၂ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း မှ ၆ ဒသမ ၆၀ ရာခိုင်နှုန်း ထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၅ ဒသမ ၁၀ ရာခိုင်နှုန်း ၊ ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၇၀ ရာခိုင်နှုန်း ၊ မလေးရှားနိုင်ငံတွင် ၄.၀၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ **အာဆီယံနိုင်ငံများ**၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၄ | ၀.၄၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၄ | ၀.၆၉ |
| ၃ | ထိုင်း | လီတာ | ၀.၉၆ | ၀.၆၆ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၆၄ | ၀.၄၇ |
| ၅ | စင်္ကာပူ | လီတာ | ၁.၄၄ | ၁.၂၁ |
| ၆ | မလေးရှား | လီတာ | ၀.၄၀ | ၀.၄၄ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၂ | ၀.၇၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၇ | ၀.၆၄ |
| ၉ | လာအို | လီတာ | ၀.၉၃ | ၀.၇၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ (၁.၀၀)နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉ ရှိပြီး စက်သုံးဆီဈေးနှုန်းနိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ (၀.၅၄) ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၄၇ ဒေါ်လာနှုန်းဖြင့် ၁၇ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများ စာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၂၆ |
| ၂ | အီရန် | လီတာ | ၀.၀၆ | နယ်သာလန် | လီတာ | ၁.၈၁ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၄ | မိုနာကို | လီတာ | ၁.၇၄ |
| ၄ | ကာတာ | လီတာ | ၀.၃၄ | ဂရိ | လီတာ | ၁.၇၀ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၄ | ဒိန်းမတ် | လီတာ | ၁.၆၇ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၁ | ဟောင်ကောင် | လီတာ | ၁.၈၉ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | ဆွီဒင် | လီတာ | ၁.၆၅ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၁ | အယ်လ်ဘေးနီးယား | လီတာ | ၁.၆၂ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၃ | မိုနာကို | လီတာ | ၁.၅၈ |
| ၅ | ကာတာ | လီတာ | ၀.၃၀ | အစ္စရေး | လီတာ | ၁.၅၇ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၉၁ | ၀.၇၈ |
| ၂ | ဂျပန် | လီတာ | ၁.၂၂ | ၁.၀၄ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၃ | ၁.၀၀ |


Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၀.၁၁.၂၀၂၀ | စည် | ၄၁.၇၄ |
| ၂ | ၂၃.၁၁.၂၀၂၀ | စည် | ၄၃.၀၆ |
| ၃ | ၂၄.၁၁.၂၀၂၀ | စည် | ၄၄.၉၁ |
| ၄ | ၂၅.၁၁.၂၀၂၀ | စည် | ၄၅.၇၁ |

source : http://www.oil-price.net/

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှ နိုဝင်ဘာ ၂၃ ရက်နေ့ထိ အပတ်စဉ် ဓါတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




ပြည်တွင်း စက်သုံးဆီဈေးကွက်အနေဖြင့် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အောက်တိန်း-92 တစ်လီတာလျှင် ၅၄၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၆၅၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၅၈၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၅၉၅ ကျပ်ဖြင့် ပေါက်ဈေးရှိနေကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၁၉၅ ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် ၃၁၀၅ ကျပ်၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၉၀၀ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၈၆၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၇၉၀ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ ပုသိမ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၂၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၄၃၂ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၃၂၀ ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် ၂၄၇၅ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာ

နိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်း အနည်းငယ် မြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**